# မော်ဖောင်း-နယ်မြေ(၃)ကျေးရွာ

# မြစ်ကြီးနား မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၂၁-၂၀၂၆)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မော်ဖောင်း-နယ်မြေ(၃)ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊ ဖေဖော်ဝါရီလ

# မာတိကာ


မာတိကာ

စကားချီး

မော်ဖောင်းကျေးရွာအရင်းအမြစ်ပြ မြေပုံ၊မြစ်ကြီးနားမြို့နယ်

**အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

**၁။နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု**

(က)ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ)စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**၂။ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ**

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ)သဘာဝအရင်းအမြစ်များ

**၃။ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က)လူဦးရေဆိုင်ရာအချက်အလက်များ

(ခ)စီးပွားရေးအခြေအနေ–ဝင်ငွေပိုင်ဆိုင်မှု

(ဂ)ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

(ဃ)ကျန်းမာရေးနှင့်အာဟာရ

(င)ကျားမဆိုင်ရာဆက်နွယ်မှု

**၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ**

(က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ)သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ)စိုက်ပျိုး မွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ)ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င)ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ)ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ)လူငယ်နှင့်ယဉ်ကျေးမှု

(ဇ)အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု-လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

**၅။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

(က)ဖွံ့ဖြိုးရေးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ)အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**၆။ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**၇။ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသောချိတ်ဆက်မှုများ**

**၈။ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်မည့်အချိန်ကာလ**

(က)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ)ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

(ဂ)ဦးစားပေးစီမံချက်များ

(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ

**၉။ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရွေးချယ်မှုများ**

**၁၀။ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ**

(က)ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ)ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ)ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ)ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

**၁၁။စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း**

(က)ကြီးကြပ်စစ်ဆေးခြင်း

(ခ)နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(ဂ)နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ(၁)စီမံကိန်းဇယားများ**

(၁)လူမှုစီးပွားရေးအခြေအနေ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား(၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား(၄) ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၅) ဥစ္စာဓနအဆင့်အခြေအနေ

ဇယား(၆) ကျေးရွာ၏ဝမ်းစာဖူလုံမှုအခြေအနေ

ဇယား(၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား(၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

(၂)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၁၀) ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား(၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဖယား(၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

ဇယား(၁၃) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

ဇယား(၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

ဇယား(၁၅) ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု

ဇယား(၁၆) သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ

ဇယား(၁၇) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား(၁၉) မွေးမြူရေးကဏ္ဍထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ

ဇယား(၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများ

ဇယား(၂၂) စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများအတွက်အခွင့်အလမ်း၊ပြဿနာနှင့်အခက်အခဲများ

ဇယား(၂၃) ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ

ဇယား(၂၄) ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း

ဇယား(၂၅) သဘာဝပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ

ဇယား(၂၆) သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခက်အခဲများနှင့်သဘာဝဘေးအန္တရာယ်လျှော့ချရေးအစီအမံများ

ဇယား(၂၇) မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်ပညာပြီးစီးမှုနှုန်း

ဇယား(၂၈) ကျောင်းအပ်နှုန်း

ဇယား(၂၉) စာသင်ကျောင်းဆောင်အခြေအနေ

ဇယား(၃၀) ပညာရေးအခက်အခဲနှင့်ပြဿနာများ

ဇယား(၃၁) အဖြစ်များသောရောဂါများ

ဇယား(၃၂) ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ

ဇယား(၃၃) သောက်သုံးရေရရှိမှု

ဇယား(၃၄) သန့်ရှင်းရေးအခြေအနေ

ဇယား(၃၅) ကျေးရွာ၏လမ်း၊တံတားတည်ရှိမှုအခြေအနေ

ဇယား(၃၆) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၃၇) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၃၈) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၃၉) ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ

ဇယား(၄၀)    ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးခြေအနေ

ဇယား(၄၁)    ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု

ဇယား(၄၂)    မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ(၂)    ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ဇယား(၄၃)    ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

ဇယား(၄၄)    ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ(၃)    ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက်(ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)**

ဇယား(၄၅)

**ကိုးကားစာရင်း**

**အပိုင်း(ခ)  စီမံချက်ဆိုင်ရာအချက်အလက်**

စီမံချက်ဆိုင်ရာအချက်အလက်ပုံစံ

အတိုကောက်စာလုံးများ

**စကားချီး**


ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၂၂ခုနှစ် မှ ၂၀၂၇ ခုနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။


ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့သဖြင့် ထိရောက်မှု အားနည်းခဲ့ကြသည်။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်ဝန်ထမ်းများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းကဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့်နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာအချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
မော်ဖောင်း-နယ်မြေ(၃)ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်


(ဓော်ကောင်းနယ်မြေ(၃)မြေပုံ)
E
N
S
W
သစ်ပင်
လမ်းသွယ်
ရေတွင်း
အိမ်
ဘောလုံးကွင်း
တံတား
ကားလမ်း
ကျောင်း
အုပ်ချုပ်ရေးရုံး
ရွာလမ်း
RC ဘုရားကျောင်း
KBC ဘုရားကျောင်း
ရေမြောင်း


Metts foundation

## မော်ဖောင်း-နယ်မြေ(၃)ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်

**(၁)နိဒါန်း**

**(က) ရည်ရွယ်ချက်**

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေးလုပ်ငန်း အတွေ့အကြုံများကိုလေ့လာသုံးသပ်ပြီးတစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ကို ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့်အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာမျာ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုကို သိရှိစေရန်မျှော်လင့်ပါသည်။

**(ခ) နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက်မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ ( NGOs )၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(CSOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ ထိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေး ရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်၊) နိုင်ငံတကာအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

**(ဂ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများ ထံရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်များချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းကဲ့သို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျေးရွာသည် မြစ်ကြီးနား-နန်ကျင်သွားလမ်းပေါ်တွင်တည်ရှိပါသည်။မြစ်ကြီးနားမြို့နယ်၊နန်ကျင်ကျေးရွာအုပ်စု၊မြစ်ကြီးနားမြို့နယ်၏အနောက်မြောက်ဘက်တွင်တည်ရှိပြီးမြစ်ကြီးနားမြို့နယ်(၈)မိုင်အကွာ မြောက်လတ္တီကျွတ်၂၅.၄၄၇၄၁၇ နှင့် အရှေ့လောင်ဂျီကျွတ် ၉၇.၃၅၇၅၅၆ ကျေးရွာသည် မြေပြင်ဒေသတွင်တည်ရှိပြီး အဓိက ဒေသ၏ တစ်နှစ်ပျမ်းမျှ မိုးရေချိန်လက်မမှာ ၈၀ ဝန်းကျင်တည်ရှိပါသည်။ အအေးပိုင်ဒေသ၊မိုးရေချိန်များပြီး တစ်နှစ်ပတ်လုံး အေးမြမှုရှိသည်။ ကျေးရွာပတ်လည်တွင် တောင်တန်းတောင်ကုန်းများ ဝိုင်းရံထားပြီး မြေပြင်အနေအထားမှာ တောင်ပေါ်မြေပြန့်ဒေသဖြစ်ပါသည်။ ကျေးရွာသည် တောင်ပေါ်တွင်တည်ရှိပြီး တောင်ခြေမြေပြန့်တွင် လယ်ယာမြေများသည် ဆန်၊စပါးစိုက်ပျိုးထုတ်လုပ်ရန် နှင့် အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်ပါ သည်။ သဘာဝဘေးအန္တရာယ် ကျရောက်မှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှု ရှိသည့် ကျေးရွာဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်

လယ်ယာစိုက်ပျိုးမြေမှာ အသင့်အတင့်ရှိပြီး မြေဆီလွှာများလည်း ဆန်စပါး စိုက်ပျိုးရန် အသင့်အတင့်ကောင်းမွန်ပါသည်။ မြစ်ကြီးနားမြို့နယ်တွင် တည်ရှိသော် လည်းကျေးရွာအနီးပတ်လည်တွင် နိုင်ငံကျောက်ကျောက်မျက်ရတနာများ၊ရွှေနှင့်အခြားတွင်းထွက်ပစ္စည်းများထွက်ရှိမှုမရှိပါ။ တောတောင်များရှိသဖြင့် သဘာဝဆေးဘက်ဝင် အပင်များနှင့် တိရိစ္ဆာန်မျိုးစိတ်များ အသင့်အတင့်ရှိပါသည်။ လယ်ယာမြေအတွက် ကျေးရွာအနီးရှိနန်ကျင် ချောင်းရေမှ စိုက်ပျိုးရေ ရရှိပြီး အဓိက အားဖြင့် မိုးရေသာ စိုက်ပျိုးရေအဖြစ် စိုက်ပျိုးကြပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၁၃)စုနှင့် ကျား (၃၃၄)ဦး၊ မ(၃၅၈)ဦးဖြင့် လူဦးရေပေါင်း (၆၉၂)ဦးရှိကာ တစ်အိမ်ထောင်လျှင်ပျမ်းမျှ(၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း(၇)ဦးထက်နည်းပါသည်။ကျေးရွာတွင်ကချင်လူမျိုးများသာ အများစုနေထိုင်ကြပြီးဗမာနှင့် အခြားတိုင်းရင်းသားအနည်းငယ်နေထိုင်ကြပါသည်။ အလုပ်လုပ်ကိုင်နိုင်သောအရွယ်သည် ကျေးရွာရှိလူဦးရေပေါင်း (၆၇.၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ်များကိုသက်မွေးဝမ်းကျောင်း အတတ်ပညာများလေ့ကျင့်သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင်စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိအမျိုးသမီးဦးရေ သည် အမျိုးသားဦးရေထက် အနည်းငယ်များပြားပါသည်။

### (ခ) စီးပွားရေးအခြေအနေ– ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိက ဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းနှင့်ကျပန်း တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမာန်အားဖြင့် လျော့နည်းပါသည်။ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင်အဆင်ပြေသောအိမ်ထောင်စု၊(၁၅)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၄၁)စု၊မပြေလည်သော အိမ်ထောင်စု(၃၀)စု၊)အလွန်မပြေလည်သောအိမ် ထောင်စု(၂၇)စုရှိကြောင်းတွေ့ရသည်။ကျေးရွာတွင်သီးနှင့်စိုက်ခင်းမြေပိုင်ဆိုင်မှု၊လက်လှမ်းမှီမှု၊စိုက်ခင်းသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုနည်းပြီးဈေး

ရောင်း/ ဝယ်၊ လက်သမား ၊ကျပန်း၊လက်လုပ်လက်စားစသည့်လုပ်ငန်း များ လုပ်ကိုင်ကြသည်။ကျပန် ကိုင်၍ရပ်တည်မှုများကြောင်း တွေ့ရပြီးကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်အနေအထားတွင်သာရှိသည်သည်။ စိုက်ခင်းမြေနေရာမှာ တိုးချဲ့နိုင်ခြင်းမရှိသောကြောင့် မြေပိုင်မရှိသည့် အိမ်ထောင် စုအနည်း မှာခြား အရပ်ဒေသ တွင်ကျပန်းလုပ်ကိုင်၍ရပ်တည်၍ မိသားစုဝင်ငွေလျော့နည်းကြသည်။ စီးပွားရေးရင်းနှီးမြုပ်နှံရန် စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ် သည့်ငွေကြေးအား ထောက်ပံ့ကူညီသည့်မည့်သည့် အဖွဲ့အစည်းမျှမရှိကြောင်းတွေ့ရသည်။ကျေးရွာတွင်အလုပ်လုပ်နိုင်သည့်လူငယ်များများသဖြင့် အသက် မွေးဝမ်းကျောင်း သင်တန်း များအတိုးနှုန်းသက်သာသည့်ငွေကြေးစီးမံကိန်းများဆောင်ရွက်ပေးရန်လိုအပ်သည်။ထိုသို့ဆောင်ရွက်ပေးမည်ဆိုပါက ကျေးရွာမိသား စုစီးပွားရေး အခြေအနေ ပြောင်း လဲလာနိုင်မည်။

ကျေးရွာတွင် ဆင်းရဲအဆင့်သည် အများဆုံးဖြစ်ပြီး မြေယာအနည်းငယ်သာပိုင်သော လယ်သမားများ၊ လက်လုပ်လက်စားများ၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးသမားများ၊လက်သမားနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင်မြေယာမဲ့အိမ်ထောင်စု အရေအတွက်မှာ(၅၄.၈%)ရှိကာဆင်းရဲအလွန် ဆင်းရဲအဆင့်ရှိအိမ်ထောင်စုများဖြစ်ပြီးအလယ်အလတ်အိမ်ထောင်စုအနည်းငယ်ပါဝင်ကြသည်။ ကျေးရွာရှိ မြေယာမဲ့အိမ်ထောင်စုအနည်းငယ်သည်စာရင်းငှား အလုပ် သမား၊တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ငန်း မြေယာငှားရမ်းစိုက်ပျိုးလုပ်ကိုင်ခြင်း၊တစ်နိုင်တစ်ပိုင်ရောင်း/ဝယ်လုပ်ငန်းများတွင် အလုပ်အကိုင်များ ရှာဖွေ ရရှိနိုင်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် နေ့စားအလုပ်သမားရရှိမှု နည်းပါးပါသည်။ကျေးရွာအဓိကဝင်ငွေရလုပ်ငန်းမှာ နှမ်း၊ဂရိတ်ဖု နှင့်ဆောင်းသီးနှံစိုက်ပျိုးရေး လုပ်ငန်း နှင့်ကျပန်းလုပ်ငန်းလုပ်ကိုင်းခြင်းသာလုပ်ကိုင်ကြကြောင်းလေ့လာတွေ့ရှိရသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု**

ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများ၏(၃)လအောက်ဝမ်းစာဖူလုံမှု (၂၃.၈%)၊(၃)လမှ(၆)လကြားဝမ်းစာဖူလုံမှု(၂၆.၅၄%) (၆)လမှ (၁၂)လထိ ဝမ်းစာဖူလုံမှု(၄၉.၅၅%) အိမ်ထောင်စု(၇)အိမ်ခန့်သည်အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများဖြစ်ကြပြီးထိုအိမ်ထောင် စုများမှာအများအား ဖြင့်ဆင်း ရဲကြသည်။ မုဆိုးဖို၊ တစ်ခုလပ်ဦး ဆောင်သည့် အိမ်ထောင်စု(၃၁)စု နှင့်ဆင်းရဲ၍ အခြားဒေသသို့အလုပ်သွားရောက်လုပ်ကိုင်သောအိမ်ထောင်စု (၃၃)စုသည်ဆင်းရဲ သည့် ထိခုက်လွယ်သော အိမ်ထောင်စုများဖြစ်ကြသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ကျေးရွာသားအများစုသည်သာမာန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အဟာရပြည့်ဝစွာ ရှိကြသည်။ ကလေးငယ်အများစုသည် ကျန်းမာသန်စွမ်းကြသော်လည်း အာဟာရချို့တဲ့သည့်ကလေးအနည်းငယ်ရှိပါသည်။ဝမ်းပျက်ဝမ်းလျှော၊ သွေးလွန်တုတ်ကွေး၊ငှက်ဖျား၊ ဆီးချို၊သွေးတိုးနှင့်သာ မာန်ဖျားနာမှုများ ဖြစ်ပွားမှုရှိကြောင်းတွေ့ရှိရသည်။

အမျိုးသမီး၊လူငယ်လူရွယ်၊သက်ကြီးပိုင်းတို့လည်းတစ်ကိုယ်ရည်သန့်ရှင်းရေးကျန်းမာရေးအသိအမြင်များယခုနှစ်ပိုင်းတွင်ပိုမိုသိရှိလာကြသည်။ကျေးရွာ သားများအနေဖြင့် ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကျေးရွာအနီးရှိ (၃)မိုင်အကွာ တွင်တိုက်နယ်ဆေးရုံ နှင့်ကျေးရွာမှ(၁၀)မိုင်အကွာ မြစ်ကြီးနားမြို့နယ်သို့ သွားရောက် ဆေးဝါးကုသရသည်။မြစ်ကြီးနားမြို့နယ်ဆေးရုံသို့သွားရာ လမ်းပန်း ဆက်သွယ်ရေး၌ အဆင်ပြေသော်လည်း လူနာများအရေးပေါ်ကုသရာတွင် နှောင့်နှေးကြန့်ကြာမှုများကြုံရသည်။ ကျေးရွာတွင်ကျေးလက် ကျန်းမာရေး ဆရာမ

မရှိသောကြောင့် အရေးပေါ်ဆေးဝါးကုသရာနှင့်ကိုယ်ဝန်ဆောင်မိခင်များမီးဖွားရာတွင်အသက်ဆုံးရှုံးမှုမျိုးရှိကြောင်းလေ့လာတွေ့ရှိရပြီး ကျေးလက်ကျန်းမာရေးဆေး ပေးခန်းလိုအပ်လျက်ရှိကြောင်းတွေ့ရသည်။

**(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ**

ကျေးရွာ၏ ပညာရေးအဆင့်အတန်းသည် အလယ်အလတ်ရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာသားအများစုသည် အခြေခံရေးဖတ်တတ်ကြပြီး ဘွဲ့ရအရေအတွက်မှာ ကျေးရွာလူဦးရေ၏(၂.၂၈%)ခန့်ရှိသည်။ ပညာရေးအလေးပေးမှုအားနည်းကြောင်းတွေ့ရသည်။ကျေးရွာတွင် အခြေခံပညာရေးကို ကျေးရွာရှိမူလတန်းကျောင်းမရှိသောကြောင်း ကျေးရွာမှ(၅)မိုင်အကွာ အင်ဂျန်ဒုံအထက်တန်းကျောင်းတွင်သွားရောက်ပညာသင်ယူကြသည်။ကျောင်းသားများအားမိသားစုပိုင် ဆိုင်ကယ်များနှင့်အကြိုအပို့လုပ်ဆောင်ရသည်။ကျေးရွာတွင်အခြေခံပညာမူလန်းကျောင်းလိုအပ်လျှက်ရှိကြောင်းလေ့လာတွေ့ရှိရသည်။ ကျေးရွာတွင်သက်မွေး ဝမ်းကျောင်း ကျွမ်းကျင်မှုများမှာ အားနည်းနေပြီး လူငယ်လူရွယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးနေဆဲဖြစ်သည်။

**(စ) ကျား/မဆိုင်ရာဆက်နွယ်မှု**

ကျေးရွာတွင် ကျား/မဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ကျား/မကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြားဆက်ဆံခြင်းကိစ္စကြီးကြီးမားမားမရှိကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် အမျိုးသမီးလူဦးရေသည် အမျိုးသားလူဦးရေထက် များပြားပါသည်။ ကျေးရွာတွင် သာမာန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် ကျား/မအခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ပညာရေးနှင့်ဆိုင်သော ကိန်းဂဏန်းများတွင် မူလတန်းအဆင့်၌ မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်တူညီသော်လည်းအလယ်တန်းနှင့်အထက်တန်းအဆင့်များတွင် မိန်းကလေးအရေအတွက်သည် ယောကျ်ားလေးအရေအတွက်ထက်ပိုများ၍ အမျိုးသမီးများအတွက် ပညာသင်ယူရေးဆိုင်ရာအခွင့်အရေးမှာအမျိုးသားများနှင့်အတူတူပင်ဖြစ်သည်။ သို့သော် ကျေးရွာတွင်နေ့စားလုပ်အားခငွေမှာ အမျိုးသားများက ပိုမိုရရှိကြသည်။ လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်မှု တူညီသော်လည်း အမျိုးသမီးများသည် အမျိုးသားများထက် လုပ်အားလျော့နည်းပြီးရကြသည်။ အုပ်ချုပ်ရေးအဖွဲ့အစည်းများတွင်မူ အမျိုးသမီးများပါဝင်မှုတို့မှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား/မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင်ပါသည်။

**(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု**

ကျေးရွာတွင် ဘာသာရေးနှင့်ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်နေသောပရဟိတ ဂရုဏာအဖွဲ့(၁)ဖွဲ့၊ စိုက်ပျိုးမွေးမြူရေးနှင့်သာရေးနာရေး လူမှုဖွံ့ဖြိုးရေးဆောင် ရွက်နေသော Metta Foundation အဖွဲ့ ၊ ငွေကြေးနှင့်ကျန်းမာရေး ဝန်ဆောင်မှုပေးသော စောမ့်နင်ဂျာ အဖွဲ့၊ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ စုစုပေါင်း (၄)ဖွဲ့ရှိပါသည်။ ကျေးရွာရှိ အဆိုပါ အဖွဲ့အစည်းများမှာ တစ် ဖွဲ့နှင့်တစ်ဖွဲ့အကြားချိတ် ဆက်ဆောင်ရွက်မှု၊အဖွဲ့အစည်းဆိုင်ရာသဘောတရားတို့နှင့်ပါတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများ စွမ်းဆောင် ရည်မြှင့် တင်ရေး ဆောင်ရွက်နိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။ ကျေးရွာတွင် ပြင်ပမှ ဖွဲ့စည်းပေးသော လူမှုရေးဆိုင်ရာအဖွဲ့ အစည်းများ မရှိပါကြောင်း တွေ့ရသည်။

**(ခ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် ပြောင်း(CP)၊ အာလူးနှင့်ဆောင်းသီးနှံ ဟင်းသီးဟင်းရွက်များ၊နှမ်းနှင့်ဂရိတ်ဖုပင်များအိမ် များတွင်တစ်ပိုင်တစ်နိုင်သာ စိုက်ပျိုးလုပ်ကိုင်ကြပြီး မြေယာပိုင်ဆိုင်မှုနည်းကြောင်းတွေ့ရသည်။စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများ၊ မျိုးကောင်း မျိုးသန့်များ ဝန်ဆောင်မှုများ ပေးသည်။

ကျေးရွာတွင် မွေးမြူရေးတစ်ပိုတစ်နိုင်အခြားဝင်ငွေရအဖြစ်တွဲဖက်လုပ်ကိုင်သည့်အိမ်ထောင်စုအရေအတွက်မှာ တစ်ရွာလုံး၏(၆၈.၃% ) ဝန်းကျင်သာရှိပြီး ဒေသမှ ဝက်မျိုးများကို မွေးမြူကြသည်။ ဒေသ ကြက်၊နှင့်ဘဲမွေးသည့် အိမ်ထောင်စုများသည် စီးပွားဖြစ်မွေးမြူနိုင်ခြင်းမရှိကြပါ။ တစ်အိမ်ထောင်စုအလိုက်တစ်ပိုင်တစ်နိုင်စားရေးသောက်ရေးအတွက် သာမွေး မြူကြသည်။ ရာသီအလိုက်ဖြစ်ပွားတတ်သော တိရစ္ဆာန်ဖျားနာခြင်းရောဂါ၊ကြက်နာကျရောဂါနှင့် အအေးဒဏ်ကြောင့်ဖြစ်တတ်သည့်ရောဂါများ ဖြစ်ပွားတတ် သည်။ မွေးမြူရေးဆိုင်ရာ ဝန်ဆောင်မှု၊ နည်းပညာများကို မြို့နယ်မွေး/ကုဦးစီးဌာနမှ ရရှိနိုင်သော်လည်း ဝန်ထမ်းမလုံလောက်မှုကြောင့် လွှမ်းခြုံ ဆောင်ရွက်မှု အားနည်းသည်။ မွေးမြူရေးလုပ်ငန်းတိုးချဲ့စီးပွားဖြစ်မမွေးနိုင်ခြင်းမှာ မွေးမြူရေးလုပ်ငန်းသည်အမြတ်များများမရရှိခြင်း၊ ဆုံးရှုံးမှုရှိခြင်း၊ အစားရှာ ခက်ခဲ ခြင်း၊မွေးမြူရေးအလုပ်သမားရရှိရန်ခက်ခဲခြင်း၊ စနစ်တကျမထိန်းသိမ်းနိုင်ပါက စိုက်ပျိုးရေးလုပ်ငန်းအတွက်အနှောက်အယှက်ဖြစ်စေခြင်း၊ မွေးမြူရေးဆိုင်ရာ နည်းပညာ အားနည်းခြင်းတို့ကြောင့်ဖြစ်သည်။

**(ဂ)စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ**

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်း မရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများမှာ လက်လုပ်လုပ်စားကျပန်း၊ ဈေးရောင်း၊လက်သမား၊ ဆိုင်ကယ်ပြုပြင်ရေး၊လုပ်ငန်းတို့ဖြစ်ကြသည်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ကိုင်သူများသာ ဝင်ငွေပုံမှန်ရှိကြ သော်လည်း လက်လုပ်လက်စားကျပန်းသမားများမှာ အလုပ်အကိုင်အတည်တကျမရှိခြင်းကြောင့် ဝင်ငွေပုံမှန်မရရှိကြပါ။ အလုပ်အကိုင်အတည်တကျမရှိခြင်းမှာ အတတ်ပညာတတ်ကျွမ်းမှုအားနည်းခြင်း၊ စိတ်ဝင်စားမှုနည်းပါးခြင်း၊ ငွေကြေးအရင်းအနှီးမရှိခြင်း၊ပုံမှန်ဝင်ငွေရအလုပ်များမရှိခြင်းတို့ကြောင့် ဖြစ်သည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောအရွယ်လူဦးရေ များပြားပြီး ထိုအခြေအနေမှာ ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ မြစ်ကြီးနားမြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကိုဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်းများရှိကြသည်။ အပ်ချုပ်၊ ဆံပင်အလှပြုပြင်၊ မိတ်ကပ် အလှပြုပြင်၊ မော် တော်ဆိုင်ကယ်ပြုပြင်၊ မိုဘိုင်းဖုန်းပြင်၊ ကားမောင်း၊ဝပ်လှေ့ာ၊ စသည့် သက်မွေးဝမ်းကျောင်းသင်တန်းများဖြစ်ကြသော်လည်း ရွာသားအ များစုသည် အဆိုပါ သင်တန်းများနှင့်အထိအတွေ့နည်းပါးကြသည်။ လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျကြပြီး သင်တန်းစရိတ် အကုန်အကျခံရန်နှင့်လုပ်ငန်းထူထောင်ရန် မတတ်နိုင်ကြပါ။ အချို့ငွေကြေးတတ်နိုင်သောအိမ်ထောင်စုများသည် သင်ကြားတတ်ကျွမ်းထား သည့် သက်မွေးပညာရပ်ဖြင့် ကျေးရွာတွင်လုပ်ကိုင်ရာတွင် တွက်ချက်ကိုက်မှုမရှိသဖြင့် မြို့ပေါ်တွင်သာ သွားရောက်ထူထောင်လုပ်ကိုင်ကြသည်။ကျေးရွာရှိ ချောင်းမှ သဲထုတ် ယူလုပ်ကိုင်နိုင်သော်လည်း ကျေးရွာသားများလုပ်ကိုင်နိုင်ခြင်းမရှိဘဲ အခြားစီးပွားရေးသမားများသာ လုပ်ကိုင်ထုတ်လုပ်ကြသည်။

**(ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု**

ကျေးရွာတွင် စပါး အထွက်နှုန်းတိုးစေရန် ဓါတ်မြေဩဇာများ၊ထည့်သွင်းသုံးစွဲမှုများပြားမှုကြောင့် မြေဆီလွှာ အရည်အသွေးပိုမို ကျဆင်းလာနိုင်သည်။ စိုက်ခင်းတောင်သူများအနေဖြင့် သဘာဝအော်ဂဲနစ်မြေဩဇာများ စနစ်တကျသုံးစွဲမှုမရှိခြင်း၊နည်းပညာများမသိခြင်း တို့ကြောင့် ဓါတ်မြေဩဇာများကိုသာ အသုံးပြုမှု များပြားသည်။ ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓါတုပိုးသတ်ဆေးများသာ သုံးစွဲမှုများပြားသည်။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင် တစ်ရွာလုံး သတ်မှတ်ထားသည့် စွန့်ပစ်နေရာများတွင် စနစ်တကျစွန့်ပစ်ကြသော်လည်း ပလာစတစ်များ၊ဖူးခွံပုလင်းခွံများအား စည်းကမ်းမဲ့ စွန့်ပစ်မှု အနည်း ငယ်ရှိတတ်သည်။

**(င) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ကျေးရွာရှိငွေကြေးချမ်းသာတတ်နိုင်သည့်မိတ်ဆွေ၊မိသားစုများထံမှ(၃)လ(၆)လအတထိအတိုးမဲ့ချေးယူ၍လည်ပတ်ကြသည်။ကျေးရွာသားအများစုသည် ချေးငွေကို အကြောင်းရင်းမျိုးစုံ (လယ်ယာ၊လုပ်ငန်းများ၊ရိက္ခာ၊ကျန်းမာရေး၊ပညာရေး)တို့အတွက် ချေးယူကြပါသည်။ ကျေးရွာတွင် အကြွေးထားရှိမှုအနေအထားကို လေ့လာဆန်းစစ်ချက်အရ ပါဝင်သော ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စုများအားလုံးသည် အကြွေး ယူထား ကြပြီး အကြွေးငွေမှာ ငါးသောင်းကျပ်မှ ၁၀သိန်းအထိချေးယူထားကြောင်း တွေ့ရှိရသည်။ ကျေးရွာတွင်ငွေကြေးဆိုင်ရာအတိုးနှုန်းသက်သာစွာဖြင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၊မြစိမ်းရောင်စီမံကိန်းကျေးရွာများရရှိရန်လိုအပ်သည်။

**(စ) ပညာရေး၊ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်အခြေခံပညာမူလလွန်းကျောင်းရှိပြီး ကျောင်းသားများအနေက ခြေလျင်၊စက်ဘီး၊ မိသားစုပိုင်ဆိုင်ကယ်များနှင့်အကြိုအပို့လုပ်ဆောင်ကြရသည်ကိုတွေ့ရှိရသည်။ကျေးရွာတွင် အခြေခံ ပညာမူလတန်းကျောင်း လိုအပ်လျှက်ရှိကြောင်းတွေ့ရသည်။ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန၊ဌာနခွဲမရှိပါ။ ရွာအနီးတွင်ဆေးဆိုင်လည်းမရှိသည်ကို တွေ့ရပြီးတိုက်နယ်ဆေးရုံသို့ (၃)မိုင်ကွာဝေးသည်။မြို့နယ်ဆေးရုံနှင့်(၁၀)မိုင်အထက်ကွာဝေးပြီး အရေးပေါ် ဖြစ်လာပါကသွားလာရေး၌ အဆင် မပြေဖြစ်ပြီး ကျေးလက်ကျန်းမာရေး ဆရာမရှိခြင်းကြောင့် အသက်ဆုံးရှုံးမှုများရှိကြောင့်တွေ့ရှိရပါသည်။ ကျေးလက်ကျန်းမာရေး ဆေးပေးခန်းလိုအပ်ကြောင်းလေ့လာ တွေ့ရှိရ ပါသည်။

ကျေးရွာတွင်တုံကင်/အဝီစိတွင်းတစ်မျိုးတည်းကိုသာအဓိကသုံးစွဲသည်ကိုတွေ့ရပြီး ရေအရေအသွေးစမ်းသပ်မှုမရှိပါ။ ရေအရေအသွေး စမ်းသပ်စစ်ဆေးပေးမှုများလိုအပ်သည်ကိုတွေ့ရသည်။ နွေရာသီတွင်သောက်သုံးရေများခမ်းမှုကြုံတွေ့ရပြီး ရေတွင်း(၁)တွင်းတူးဖော်ရန်လိုအပ်ကြောင်းတွေ့ရသည်။

**(ဆ) လူငယ်နှင့်ယဉ်ကျေးမှု**

ကျေးရွာလူငယ်များအတွက် ကျန်းမာရေးအားကစားလုပ်ရန် ကစားကွင်းမရှိပါသောကြောင့်အားကစားဆောင်ရွက်မှုနည်းသည်။ထို့ပြင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် သီးသန့်နေရာမရှိပါ။ လူငယ်များသည် ကျေးရွာ၏လူမှုရေးလုပ်ငန်းများ၊ဘာသာရေးပွဲတော် များ၊နှင့်ရိုးရာဓလေ့ပွဲ တောများတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြသည်။ လူငယ်များမူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်လာစေရန် နှစ်စဉ် ဘောလုံးပွဲများ၊ပိုက်ကျော်ခြင်း၊နှင့်အခြားအား ကစားများ စီစဉ်ကျင်းပပေးသည်။ လူငယ်များအတွက် ကျေးရွာတွင် မိသားစုစိုက်ပျိုးရေးလုပ်ကိုင်မှုရှိကျပန်းလုပ်ကိုင်သူများ၍ အလုပ်အကိုင်အတည်တကျလုပ် ကိုင်နိုင်

သည့် အလုပ်ရှားပါးသည်။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်သည့် (VDP ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း)တို့တွင် လူငယ်များ ပူးပေါင်း ပါဝင်ကြသည်။ ကချင်လူမျိုးသာ အများစုနေထိုင်သည့် ကျေးရွာဖြစ်ပြီး ကချင်လူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုအစဉ်အလာကြီးမားမှု ရှိကြသည်။

**(၈) အခြေခံအဆောက်အဦး– လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာရှိ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ဆိုင်ကယ်၊ကား၊ထော်လကျီ၊သုံးဘီးဆိုင်ကယ်များကို အသုံးပြုနိုင်သည် ။ရွာအတွင်းရှိသောလမ်းများမှာ အရည်အသွေးပိုင်းတွင် ပွင့်လင်းရာသီ၌ကောင်းစွာသုံးစွဲနိုင် သော်လည်း မိုးရာသီ၌ အခက်အခဲရှိသည်ကိုတွေ့ရသည်။ ရွာချင်းဆက်လမ်း နှင့်ကုန်ထုတ်လမ်းသည်ကျောက်သားလမ်းဖြစ်ပြီးမိုးရာသီ၌မှုသွားလာရလွန်စွာခက်ခဲသည်ကိုတွေ့ရသည်။ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ပေးရန်လိုအပ်ကြောင်း လောလာ တွေ့ရှိရပါသည်။လမ်းပန်းဆက်သွယ်ရေးအတွက်၊ စက်ဘီး(၁၇)စီး၊မော်တော်ဆိုင်ကယ်(၁၂)စီး၊ သုံးဘီးဆိုင်ကယ် (၁၃)စုကား(၉)စီး၊ထော်လာဂျီ (၁)စီး၊နွားလှည်း(၁၉)စီးတို့ကို အသုံး ပြုလျှက် ရှိသည်။

ကျေးရွာတွင်မဟာဓာတ်အားလိုင်းစနစ်တပ်ဆင်အသုံးပြုနိုင်သူအိမ်ထောင်စု(၈၇)စု၊ဆိုလာစနစ်အသုံးပြုသူအိမ်ထောင်စု(၁၉)စုရှိသည်။သို့သော်ဆိုလာစနစ်ဖြင့်အသုံးပြုသောအိမ်ထောင်စုများအနေဖြင့်မီးသီး(၁)လုံလင်းရုံမျှသာ လင်းနိုင်သော ဆိုလာအသေးများပို၍ အသုံးပြုကြောင်းလေ့ လာတွေ့ရှိရပါသည်။ အသေးစား၊ အလတ်စား စီးပွားရေး၊မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင် ရန်ခက် ခဲပြီး အသိညာ၊ နည်းပညာအသုံးပြုမှုအားနည်းကြောင့် တွေ့ရသည်။ ထို့အပြင်စက်သုံးဆီ ဈေးမြင့်မှု၊စက်ဝယ်ယူရန်ငွေကြေးခက်ခဲမှုတို့ ကြောင့်ဖယောင်း တိုင်မီး ဖြင့်သာအသုံးပြုနိုင်ကြောင်းတွေ့ရသည်။ ကျေးရွာတွင် စာကြည့်တိုက်မရှိသေးပါ။ သို့သော်၊ဘုရားကျောင်းများ တွင်စာပေများသွားရောက် လေ့လာ ဖတ်ရှုနိုင်သည်။ ရွာသားများသည် ကျေးရွာအနီးရှိ သတင်းစာ၊ ဂျာနယ်များသွားရောက်ဝယ်ယူဖတ်ရှုကြပြီးတစ်ရွာလုံးအ တိုင်အတာ ဖြင့်တယ် လီဖုန်း နှင့်သတင်းဆက်သွယ်ရေးမှာ ဖုန်း(၂၀၃)လုံးအသုံးပြုနိုင်ပြီး တစ်အိမ်ထောင်စုလျှင်ဖုန်း(၂)လုံးအနည်းဆုံးသုံးနိုင်ကြောင်းတွေ့ရပြီးဆယ် သွယ်ရေးမှာ အင်တာနက်လိုင်းမကောင်းပေ။သတင်းအချက်အလက်နေဖြင့်ရေဒီယို ( ၃၁)လုံး၊စလောင်း ( ၄၃ )လုံး၊တီဗီ ( ၅၂ )လုံးအသုံးပြုနိုင်ကြောင်းလေ့လာတွေ့ရှိရသည်။

**(၉) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး**

ကျေးရွာတွင် သာမာန်ခိုးလုမှုခင်းသာ တစ်ခါတစ်ရံသာဖြစ်ပြီး ရာဇဝင်မှုခင်းများ ဖြစ်ပွားမှု နည်းပါးသဖြင့် တည်ငြိမ်အေးချမ်းမှုရှိခြင်းကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုတို့ ချောမွေ့စေသည်။ ကျေးရွာတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများသော်လည်း လူမျိုးစုပြဿနာ၊ ဘာသာရေးပြဿနာများ၊ လူနည်းစုမျိုးနွယ်များအပေါ် ထိခိုက်မှုများ မရှိပဲ ရွာသားအချင်းချင်း သင့်မြတ်အေးချမ်းစွာ နေထိုင်ကြသည်။ အာမခံစနစ်ကို ချိတ်ဆက်ဆောင်ရွက်ထားသူမရှိသလောက်နည်းပါးသည်။ ရွာသားများသည် မြို့နယ်ရဲစခန်း၊ရဲကင်းများသို့ အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှုဖြစ်ပွားခြင်း နည်းပါး သည်။

**၅။ ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ**

ကျေးရွာတွင် လျှပ်စစ်မီးကို မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါက ထင်းသက်သာစေသည့် လျှပ်စစ်မီးဖိုများအသုံးပြုခြင်း၊ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊နှင့် မွေးမြူရေးအတွက် လိုအပ်သော လျှပ်စစ်မီးအသုံးပြုနိုင်ခြင်း စသည့် လူနေမှုအဆင့်အတန်းမြင့်မားလစေမှုနှင့် စီးပွားရေးတိုးတက်လာမှုအတွက် အထောက်အကူဖြစ်စေပါသည်။

ကျေးရွာတွင် လူငယ်ပညာတတ်များအတော်အသင့်ရှိပြီး လူဦးရေ၏(၆၉.၆%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေအတွက် အနည်းငယ်သာရှိပြီးလူငယ်များအတွက် ကျွမ်းကျင်မှုနှင့် သက်မွေးဝမ်းကျောင်းသင်တန်းများကို လူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်များကိုတိုး တက်ကောင်းမွန်လာစေပါမည်။ကျေးရွာလူထု၏ကျန်းမာရေးအခြေအနေမှာယေျဘုယျအားဖြင့်ကျန်းမာကြံ့ခိုင်မှုရှိကြပြီးလို အပ်သော ကျန်းမာရေးစောင့်ရှောက်မှု နှင့်ဝန်ဆောင်မှုအား လွယ်ကူစွာ လက်လှမ်းမှီကြပါသည်။ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသော အရေးပေါ်ဆေးဝါးကုသခံယူမှု အတွက် ကားမိုင်မြို့ ဆေးရုံသို့ သွားရောက် ဆေးကုသမှုခံယူနိုင်ကြသည်။

ကျေးရွာသည် တောင်သူများအတွက် လယ်ယာမြေဆီလွှာမှာ အတင့်အသင့် ကောင်းမွန်ပါသည်။သို့သော်စိုက်ပျိုးမြေရှားပါးပြီး တိုးချဲ့လုပ်ကိုင် ရန်မြေလွပ်မြေရိုင်းမရှိပေ။ မိုးရွာသွန်းမှုမှာ ဆန် စပါးများစိုက်ပျိုးရန်အထောက်အပံ့ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်သဖြင့် ကျေးရွာထွက် ကုန်များကိုတင်ပို့ရန်ကြန့်ကြာမှုရှိသည်။စိုက်ပျိုးရေးအတွက်နည်းပညာနှင့်ဝန်ဆောင်မှုအထောက်အပံ့များအားစိုက်ပျိုးရေးဦးစီးဌာနမှပံ့ပိုးမှုကိုတိုးမြင့်ပေးရန်လိုအပ် ပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်များမှာ ဈေးကွက်သဖြင့် ဝက်နှင့်ကြက်များကို တိုးချဲ့မွေးမြူကြရန် လိုအပ်ပါသည်။ မွေးကုဦးစီးဌာနမှလည်းလိုအပ်သောမွေးမြူရေးဆိုင်ရာနည်းပညာနှင့်ဝန်ဆောင်မှုများပံ့ပိုးပေးရန် လိုအပ်ပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့် ကောင်းမွန်ပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာရှိ လယ်ယာမြေသည် သီးနှံအထွက်နှုန်းတိုးစေရန် ဓာတ်မြေဩဇာများထည့်သွင်းအသုံးပြုမှု များပြားသဖြင့် မြေဆီလွှာများ ပိုမို ညံ့လာနိုင်သည်။ ကျေးရွာ၏ စိုက်ချင်းမြေကို ထပ်မံတိုးချဲ့၍ မရရှိနိုင်သဖြင့် စိုက်ခင်းသမားများအဖို့ အထွက်နှုန်းတိုးမြင့်အောင် အားစိုက်ရပေမည်။

ကျေးရွာတွင် ဆည်နှင့်မြောင်းများ မရှိပါ။ စိုက်ပျိုးရေအဖြစ် အဓိက အသုံးပြုသည့် မိုးရေမှာ တစ်ခါတစ်ရံ မိုးမမှန်သဖြင့် စိုက်ပျိုးရန် ခက်ခဲပြီး အထွက်နှုန်းများ လျော့နည်းစေပါသည်။ ပိုးသတ်ဆေးများကို ခံနိုင်သည့် သီးနှံဖျက်ပိုးများကျရောက်တတ်သဖြင့် ထိရောက်သည့် ဘက်စုံပိုးမွှားနှိမ်နင်းရေးအစီအစဉ်အကောင်အထည်ဖော်ခြင်းမရှိသေးပါ။ထို့ကြောင့်စိုက်ခင်းတောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေး ကျင့်သုံးနိုင်ရေး အထောက်အပံ့များ စိုက်ပျိုးရေး

ဦးစီးဌာနမှ ဝန်ဆောင်မှုများ ရရှိရန်လိုအပ်သည်။ ကျေးရွာတွင် ငွေကြေးအရင်းတွက် မိတ်ဆွေမိဘဆွေမျိုးများထံမှချေးယူကြသည်။သမဝါယမချေးငွေနှင့် မြစိမ်းရောင်ချေးငွေများလည်း မှအတိုးနှုန်းသက်သာသည့်ချေးငွေစီမံကိန်းအထောက်အပံ့များလိုအပ်လျက်ရှိသည်။

မွေးမြူရေးလုပ်ငန်းတွင် မွေးမြူကြသည့်တိရိစ္ဆာန်များမှာ ဒေသဖြစ် မျိုးများသာ မွေးမြူကြသဖြင့် အသားထွက်မှု လျော့နည်းကြသည်။ စီးပွားဖြစ် မွေးမြူနိုင်ရန်အတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိမှု အားနည်းသဖြင့် မွေးကုဦးစီးဌာနမှ ပံ့ပိုး ထောက်ပံ့ပေးရန်လိုအပ်ပါသည်။ ငွေကြေးအရင်းအနှီး လုံလောက်မှုအားနည်းသဖြင့် စီးပွားဖြစ် မွေးမြူရန် ခက်ခဲကြပါသည်။

လူငယ်များသည် မူးယစ်ဆေးဝါးများအား လွယ်ကူစွာ ဝယ်ယူသုံးစွဲနိုင်သဖြင့် မူးယစ်ဆေးဝါးအန္တရာယ်သည် ကျေးရွာ၏ တက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ကြီးမားသည့် အဟန့်အတားတစ်ရပ်ဖြစ်ပါသည်။ မူးယစ်အန္တရာယ်ကင်းစင်လာရန် အသိပညာဗဟုသုတဟောပြောပွဲကျင်းပပေးခြင်း အားကစားပျော်ပွဲရွှင်ပွဲများ ကျင်းပဆောင်ရွက်ပေးရန်လိုအပ်သည်။

ကျေးရွာတွင် အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းမရှိသဖြင့် အလုပ်အကိုင်နှင့်ဝင်ငွေပုံမှန်ရရှိရေးအတွက် အကန့်အသတ်ရှိနေပါသည်။ ဒေသတွင်လည်း ကုန်ထုန်လုပ်ငန်းအတွက် လိုအပ်သည့် ကုန်ကြမ်း၊အတတ်ပညာ၊အထိတွေ့တို့ရရှိမှုအားနည်းပါသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်-

(၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှု မြှင့်တင်ခြင်း၊ အလုပ်အကိုင်များဖန်တီးပေးခြင်း၊ သက်မွေးပညာသင်တန်းများရရှိခြင်းမှ တစ်ဆင့် ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထားကို တိုးတက်ရရှိမည်၊

(၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် လူမှုဘဝ ဖွံ့ဖြိုးမှုအဆင့် မြင့်မားလာစေမည်။

(၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှတစ်ဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာ စွမ်းဆောင်ရည် နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(၄) ကျွန်ုပ်တို့ ကျေးရွာလူထုသည် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှု ကောင်းမွန်ပြည့်ဝစွာ ရရှိစေခြင်းနှင့် ကျန်းမာရေး အသိပညာ ဗဟုသုတ ကျယ်ပြန့်စွာ သိရှိပြီး ကျန်းမာစွာ လိုက်နာနေထိုင်တတ်စေမည်။ လူငယ်၊ လူရွယ်များသည် မူးယစ်ဆေးဝါး အန္တရာယ်အသိပညာများ သိမြင်ပြီး ဗဟုသုတပြည့်ဝသည့်လူတော်လူရည်ချွန်များ ဖြစ်လာစေရမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည် အထက်တွင် ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါ အကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားကြမည်–

(၁)ကျေးရွာတွင် နည်းပညာ၊နည်းပညာအသုံးချနိုင်စွမ်းရရှိရေး စိုက်ပျိုးရေလုံလောက်ရရှိရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ သယ်ယူနိုင်ရန် ထောက်ခံချက်များရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ ကျေးရွာတွင် စိုက်ပျိုးရေး၊မွေးမြူရေး နည်းပညာများ ထွန်းကားလာရေးအတွက် စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာသင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်ဆိုင်ရာနည်းပညာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။သင်တန်းတက်ရောက်ထားသူများက တစ်ဖန်ကျေးရွာတွင်ရရှိထားသော နည်းပညာများကိုမျှဝေပေးပြီးမိမိတို့ကိုယ်တိုင် လုပ်ငန်းများတွင် အသုံးချကာ ထုတ်လုပ်မှု တိုးတက်စေမည်။ သက်ဆိုင်ရာနည်းပညာဌာနများနှင့် ချိတ်ဆက်၍ စိုက်ပျိုးရေး၊မွေးမြူရေးနည်းပညာဗဟုသုတများ အသိပညာပေးဟောပြောပွဲများကျင်းပပေးနိုင်ရန် ဆောင်ရွက်သွားမည်။ထိုအပြင်စိုက်ပျိုးရေးအတွက်ရေရှိမှုပြည့်ဝလုံလောက်စွာရယူသုံးစွဲနိုင်ရန်ရေသုံးစွဲသူများစုဖွဲ့ပြီးစိုက်ပျိုးရေရရှိရေးသက်ဆိုင်ရာဦးစီးဌာနနှင့်ချိတ်ဆက် ဆောင်ရွက်သွားမည်။ငွေကြေးအရင်းအနှီးများအတွက် ချေးငွေရရှိစေရန်အတွက် ဘဏ်နှင့်၊အခြား အသေးစားငွေကြေးလုပ်ငန်းတို့နှင့်ချိတ်ဆက် ဆောင်ရွက်ပေးမည်။

(၂) ကျွန်ုပ်တို့သည် လက်သမား/ပန်းရံ၊ အပ်ချုပ်၊ မော်တော်ဆိုင်ကယ်ပြင်နှင့် ကျောက်ဖြတ်သင်တန်းစသည့် သက်မွေးဝမ်းကျောင်းသင်တန်းများ တက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို တက်ရောက်နိုင်ရန် စီစဉ်ပေးမည်။ ထိုသင်တန်းများသည် ကျေးရွာသားများအတွက် သက်မွေးပညာကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီးဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန်အရင်းအနှီးလုပ်ငန်းအစီအစဉ်နှင့်ချိတ်ဆက်ပေးမည်။

(၃) ကျေးရွာတွင်ကျေးရွာပိုင်ခန်းမဆောင်၊ကျေးရွာဈေး၊ကျေးရွာလမ်း၊တံတားဆောက်လုပ်ကာကျေးရွာ၏အခြေခံအဆောက်အအုံများတိုးတက် ကောင်းမွန်ရေးအတွက်ဆောင်ရွက်သွားမည်။ထိုအပြင်ကျေးရွာအခြေခံအဆောက်အအုံများကို အသုံးပြုစီမံခန့်ခွဲထိန်းသိမ်းရေးအတွက် စီမံခန့်ခွဲနိုင်စွမ်းကိုလည်းတိုးတက်အောင်ဆောင်ရွက်သွားမည်။

(၄) ကျေးရွာတွင် မူလတန်းကျောင်း၌ လိုအပ်သည့် ကျွမ်းကျင်မှုပြည့်ဝသော ဆရာမခန့်ထား ရရှိရေးအတွက် ပညာရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်သွားမည်။လူငယ်များ စာပေဖတ်ရှုလေ့လာမှု အားကောင်းလာစေရန်နှင့် အသိပညာဗဟုသုတများ မြင့်မားလာစေရန်အတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်း၊စာပေပညာရှင်များနှင့်ချိတ်ဆက်၍စာကြည့်တိုက်နှင့်စာပေဖတ်ရှုလေ့လာနိုင်မည့်နေရာများရရှိစေရေး၊စာပေဟောပြောပွဲများစီစဉ်ကျင်းပနိုင်ရေး ဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှတစ်ဆင့် ကျွန်ုပ်တို့ ကျေးရွာအဆင့်ထိ ပံ့ပိုးပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေး ရည်မှန်းချက်ရေးဆွဲပေးခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့သည် ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျတ်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) ကျေးလက်လမ်း အဆင့်မြင့်တင်စေရေး

။ရွာအတွင်းရှိသောလမ်းများမှာ အရည်အသွေးပိုင်းတွင် ပွင့်လင်းရာသီ၌ကောင်းစွာသုံးစွဲနိုင် သော်လည်း မိုးရာသီ၌ အခက်အခဲရှိသည်ကိုတွေ့ရသည်။ ရွာချင်းဆက်လမ်းနှင့်ကုန်ထုတ်လမ်းသည်ကျောက်သားလမ်း ဖြစ်ပြီး မိုးရာသီ၌မူသွားလာရလွန်စွာခက်ခဲသည်ကိုတွေ့ရသည်။ ကွန်ကရစ်လမ်းအဆင့်မြှင့်တင်ပေးရန်လိုအပ်ကြောင်း လောလာတွေ့ရှိရပါသည်။ကျေးရွာချင်းဆက်လမ်းမှာ ကျောက်ချောလမ်းကြောင့် ကျေးရွာနေပြည်သူများအနေဖြင့် လူမှုရေး၊စီးပွားရေး၊ အခြားကိစ္စများအတွက် သွားလာရန်တွက် လမ်းမကောင်းသဖြင့် ခရီးနှောင်းနှေး ကြန့်ကြာမှုရှိသည်။ ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်း အဖြစ် အဆင့်မြင့်တင်ရရှိရေးအတွက် သက်ဆိုင်ရာ ကျေး လက်လမ်းဦးစီးဌာန၊ကျေးလက်ဦးစီး ဌာနနှင့် ဖွံ့ဖြိုးရေးအဖွဲ့အစည်းများမှ ဆောင်ရွက်ပေး သင့်ပါသည်။

